တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)
Ethnic Nationalities Affairs Center (Union of Burma)

# မြန်မာနိုင်ငံဖက်ဒရယ်စနစ်ဆိုင်ရာ အဓိကကျသော မူဝါဒ
# နှင့်
# ဝိသေသလက္ခဏာများ(မူကြမ်း)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

**တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)**

**Ethnic Nationalities Affairs Center (Union of Burma)**

# မြန်မာနိုင်ငံဖက်ဒရယ်စနစ်ဆိုင်ရာ အဓိကကျသော မူဝါဒ

# နှင့်

# ဝိသေသလက္ခဏာများ (မူကြမ်း)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

ဤစာအုပ်ထုတ်ဝေရေးအတွက် ငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့ (Joint Peace Fund) မှ ကူညီပံ့ပိုးသည်။

# မာတိကာ


အမှာစာ .................................................. 5

နောက်ခံသမိုင်း .................................................. 7

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဆိုင်ရာ အဓိကကျသော မူဝါဒနှင့် ဝိသေသလက္ခဏာများ .................................................. 9

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ..........................

ဖက်ဒရယ်အခြေခံမူများ .................................................. 16

၁။ နိုင်ငံအမည်နာမ (Name of Country) .................................................. 16

၂။ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ .................................................. 16

၃။ ဥပဒေပြုရေးဆိုင်ရာများ (Legislature) .................................................. 17

၄။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ (State Constitution) .................................................. 20

၅။ အစိုးရဖွဲ့စည်းပုံ (Forms of Government) .................................................. 22

၆။ အာဏာခွဲဝေခြင်း (Division of Power) .................................................. 22

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court) .................................................. 32

၈။ လွတ်လပ်သော ကော်မရှင်များ .................................................. 34

၉။ လက်နက်ကိုင်တပ်ဖွဲ့များ (Armed Forces) .................................................. 35

၁၀။ ရွေးကောက်တင်မြှောက်ပုံစနစ် (Electoral System) ............................... 36

နောက်ဆက်တွဲများ.................................................................... 46

(က) အဓိပ္ပာယ်ဖွင့်ဆိုချက်များ (Definitions) ................................................ 46

(ခ) အနာဂတ်မြန်မာနိုင်ငံတွင်ကျင့်သုံးမည့် ဖက်ဒရယ်စနစ်(ဖက်ဒရယ်ဒီမိုကရေစီ)44

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံတွင် ပြောကြားခဲ့သော

## အမှာစာ

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ) ဆိုတာ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတွေကို နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုဖို့နဲ့ နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာမှာ အသုံးပြုနိုင်မယ့် သုတေသနလုပ်ငန်းတွေကို ပြုစု ဆောင်ရွက်နေတဲ့ အကျိုးအမြတ်မယူတဲ့ လူမှုအဖွဲ့အစည်း တစ်ရပ်ဖြစ်တယ်လို့ဆိုရင် မှားမယ်မဟုတ်ပါဘူး။

နိုင်ငံရေးနဲ့သက်ဆိုင်တဲ့ ဘယ်အဖွဲ့အစည်း (နိုင်ငံရေးပါတီ၊ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း) တွေမဆို နိုင်ငံရေးဆိုင်ရာ ဥပဒေတွေ၊ သတင်းအချက် အလက်တွေ၊ သုတေသန သုံးသပ်ချက်တွေနဲ့ နည်းပညာတွေမှာ လိုအပ်ချက်များ ရှိစမြဲဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးအဖွဲ့ အစည်းတွေအနေနဲ့ ကတော့ သူတို့ကိုယ်တိုင် ဥပဒေအချက်အလက်တွေ ရှာဖွေပြုစုဖို့၊ သုတေသနတွေ လုပ်ဖို့ဆိုတာ အချိန်အား ဖြင့်ဖြစ်စေ၊ ငွေကြေးအားဖြင့်ဖြစ်စေ၊ ပညာရှင်အားဖြင့်ဖြစ်စေ ပြည့်စုံနေတဲ့ အဖွဲ့အစည်း ဆိုတာ မြန်မာနိုင်ငံမှာတော့ များများစားစား ရှိမနေကြပါဘူး။

နိုင်ငံတော် တည်ဆောက်ရေး ကိစ္စတွေဘဲ ဖြစ်ဖြစ်၊ အမျိုးသားရင်ကြားစေ့ ရေးကိစ္စတွေဘဲ ဖြစ်ဖြစ်၊ ငြိမ်းချမ်းရေး ဖော်ဆောင်တဲ့ ကိစ္စတွေမှာဘဲဖြစ်ဖြစ် အခု ခေတ် အခုကာလတွေမှာ အထောက်အကူပြု အဖွဲ့အစည်းတွေဆီက အချက်အလက် တွေနဲ့ နည်းပညာအထောက်အကူတွေကို ရယူနေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ အဓိက အားဖြင့်တော့ အဲဒီအကျိုးအမြတ်မယူတဲ့ အဖွဲ့ အစည်းတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးဆိုင်ရာ မူဝါဒအပေါ် အခြေမပြုဘဲ ပညာရှင်ရှုထောင့် သက် သက်ကိုသာ ထုတ်ဖော်အကူအညီပေးတာဖြစ်လို့ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည် တွေ အတွက် ပိုမိုပြည့်စုံကောင်းမွန်တဲ့

အချက်အလက်တွေ၊ နည်းပညာတွေကို ပိုမိုနားလည် သိကျွမ်းလာကြပြီး၊ ဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပိုမိုတိကျစွာ ဆွေးနွေးနိုင်ကြ မှာဖြစ်လို့ တိုင်းပြည်အတွက် တစ်နည်းတစ်လမ်း အထောက်အကူ ဖြစ်စေတယ်လို့ ဆိုချင်ပါတယ်။

အခု တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) အနေနဲ့ပြုစုထားတဲ့ "မြန်မာနိုင်ငံ ဖက်ဒရယ်စနစ်ဆိုင်ရာ အဓိကကျသော မူဝါဒနှင့် ဝိသေသလက္ခဏာများ (မူကြမ်း)" စာတမ်းဟာ ဆိုရင် ဒီကနေ့ မြန်မာ့နိုင်ငံရေး လောကမှာ ခေတ်စားနေတဲ့ "ဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေး" ကြွေးကြော်သံတွေကို အထောက်အကူပြုဖို့ ပြုစုထားတဲ့ စာတမ်းတစ်စောင် ဖြစ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ စာတမ်းဖြစ်တာနဲ့အညီ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ ဆွေးနွေးချက်တွေ၊ သဘောထားတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ တွေ့ဆုံတာတွေကို ပြန်လည်စုစည်းထား တဲ့ ပညာရပ်ဆိုင်ရာ အထောက်အကူပြု စာတမ်းတစ်စောင် ဖြစ်ပါတယ်။

နိုင်ငံရေးဆိုင်ရာ ညီလာခံတွေ၊ ဆွေးနွေးပွဲတွေမှာ လက်စွဲပြုနိုင်အောင် အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ နိုင်ငံရေးညှိနှိုင်းမှု အဆင်ပြေ တိုးတက်မှသာ အမျိုးသား ရင်ကြားစေ့ရေး လုပ်ငန်းတွေလဲ တစ်ပါးထဲ အောင်မြင်မှုများ ရလာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရေး လောကမှာတော့ အားလုံးဟာ တစ်သဘောထဲ ဖြစ်ဖို့ကတော့ သိပ်လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ မတူကွဲပြားမှုတွေကတော့ ဆက်ရှိ နေကြဦးမှာပါ။ ဒါပေမဲ့လည်း မတူတာတွေထဲက အကောင်းဆုံးတစ်ခုကို ရွေးချယ် ခွင့်ရှိခဲ့ရင်တော့ ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်မှာဖြစ်ပါတယ်။

အခုစာတမ်းဟာလည်း အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင် မှုလုပ်ငန်းတွေကို တစ်နည်းတစ်လမ်းနဲ့တော့ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ဆက်လက် ဆွေးနွေးကြကာ (မူကြမ်း) ဘဝကနေပြီး အားလုံး လက်ခံနိုင်တဲ့ (မူချော) တစ်ခု ဖြစ်အောင် ဆက်လက် တက်လှမ်းနိုင်ပါ စေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**စိုင်းညွန့်လွင်**

ဘုတ်အဖွဲ့ဝင်ဒါရိုက်တာ
တိုင်းရင်းသားလူမျိုးများရေးရာစင်တာ

## နောက်ခံသမိုင်း

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (Ethnic Nationalities Affairs Center - ENAC) သည် ဖက်ဒရယ်စနစ်ဖော်ဆောင်ရေး အထောက်အကူပြုလုပ်ငန်းများကို အောက်တိုဘာလ ၂၀၁၄ ခုနှစ်မှ စတင်ပြီး လုပ်ဆောင်လာခဲ့သည်။ ပြည်တွင်းမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ပညာရှင်များအား ဖိတ်ခေါ်ကာ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေး ပါတီများ၊ လူထု အခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံစေလျက် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ စာတမ်းများနှင့် အကြံပြုချက်များကို ရေးသားပြုစုခဲ့သည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ဖက်ဒရယ်စနစ်များအားနှိုင်းယှဉ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲ ကို ရန်ကုန်မြို့တွင် တစ်ကြိမ် ကျင်းပနိုင်ခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲများတွင် အမေရိကန်ပြည်ထောင်စု၊ ဂျာမဏီ၊ ဘယ်လ်ဂျီယန်နှင့် ဆွစ်ဇလန်စသည့်နိုင်ငံများမှ ဖွဲ့စည်းပုံများကို နှိုင်းယှဉ်လေ့လာခဲ့သည်။ ၂၀၁၅ ခုနှစ်၊ မတ်လအတွင်းတွင် မြန်မာနိုင်ငံ စစ်အစိုးရမှ ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးသပ်ခြင်းနှင့် တိုင်းရင်းသားလူမျိုးများအတွက် အကောင်းဆုံးသော ဖက်ဒရယ်ဖွဲ့စည်းပုံပေါ်ပေါက်လာရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့်တစ်ကြိမ်၊ ချင်းမိုင်မြို့တွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်တွင်းမှ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တစ်ကြိမ်ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ မှ ၂၆ ရက်အထိ မြန်မာနိုင်ငံဖက်ဒရယ်စနစ်ဆိုင်ရာ အဓိကကျသော မူဝါဒ နှင့် လက္ခဏာများရေးဆွဲခြင်း ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းမှ ကျွမ်းကျင်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးခေါင်းဆောင်များနှင့် ကျင်းပနိုင်ခဲ့ပြီး ရရှိလာသော မြန်မာနိုင်ငံ ဖက်ဒရယ်

စနစ်ဆိုင်ရာ အဓိကကျသော မူဝါဒနှင့် ဝိသေသလက္ခဏာများ (မူကြမ်း)ကို ရေးသားပြုစုနိုင် ခဲ့သည်။

ထို့နောက် ၎င်းမူကြမ်းကို တိုင်းရင်းသားနိုင်ငံရေးပါတီများဖြင့် စုဖွဲ့ထားသည့် ညီညွတ်သော တိုင်းရင်းသား လူမျိုးများမဟာမိတ် (United Nationalities Alliance) နှင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ မှ ဇူလိုင်လ ၂ ရက် ထိ ရန်ကုန်မြို့တွင် နှီးနှောတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်၍ ပြင်ဆင် ဖြည့်စွက်ခဲ့သည်။ ၎င်းပြင်ဆင်ဖြည့်စွက်ထားသော မူကြမ်းမှာ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (United Nationalities Federal Council - UNFC) ၏ သုတေသနဌာနမှလည်း ထပ်မံစိစစ်မွမ်းမံထားသော (မူကြမ်း)လည်း ဖြစ်ပါသည်။ ဤမူကြမ်းကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၆ မှ ၃၀ ရက်နေ့အထိ (၅) ရက်တိုင် ကျင်းပခဲ့သော မိုင်ဂျာယာန် ညီလာခံ (Mai Ja Yang Summit) ခေါ် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေး (EAO's[1] Plenary Meeting) တွင် တင်သွင်းဖတ်ကြားခဲ့သည်။

ဤစာတမ်းကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၄ ရက်နေ့အထိ နေပြည်တော်တွင်ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ – ပထမအကြိမ် အစည်းအဝေးတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံသင့်သောမူများအဖြစ် တင်သွင်း ဖတ်ကြားခဲ့ သည်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်တွင် ချင်းမိုင်မြို့၌ တိုင်းရင်းသားလူမျိုးများရေးရာ စင်တာ (ENAC)[2] မှ ဦးစီးပြီး ENAC အကြံပေးများနှင့် ပြည်တွင်းပြည်ပရှိကျွမ်းကျင်ပညာရှင်များဖြင့် ပြန်လည်စိစစ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မတ်လ ၁၆-၁၇ နေ့၊ ရန်ကုန်မြို့၌ ENAC မှကြီးမှူးပြီး အကြံပေးပုဂ္ဂိုလ်များနှင့် ကျွမ်းကျင် ပညာရှင်များအား တွေ့ဆုံကာ မူဝါဒများကို ပြန်လည်စိစစ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

---

[1]Ethnic Armed Organizations

[2]Ethnic Nationalities Affairs Center

ယခုရရှိလာသော မူကြမ်းသည် ENAC မှ အချိန် (၄) နှစ်ကျော်ကြာ အစုအဖွဲ့ အသီးသီး၊ နယ်ပယ် အသီးသီးမှ ပညာရှင်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၍ ရရှိလာသော မူကြမ်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုထုတ်ဝေမည့် မြန်မာနိုင်ငံ ဖက်ဒရယ်စနစ်ဆိုင်ရာ အဓိကကျသော မူဝါဒနှင့် ဝိသေသလက္ခဏာများ (မူကြမ်း) စာအုပ်သည် နောင်လာမည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် တစ်ထောင့် တစ်ကဏ္ဍအဖြစ် အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဆိုင်ရာ အဓိကကျသော မူဝါဒနှင့် ဝိသေသလက္ခဏာများ

### ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ

**၁။ အချုပ်အခြာအာဏာ (Sovereign Power)**[3]

(က) ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အချုပ်အခြာအာဏာသည် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးထံမှ ဆင်းသက်သည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြ သည်။[4]

[3]ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

(ဂ) ပြည်ထောင်စုအချုပ်အခြာအာဏာသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးထံမှ ဆင်းသက်လာစေရမည်ဖြစ်ပြီး၊ ထိုအချုပ်အခြာအာဏာကို တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပသော အထွေထွေရွေးကောက်ပွဲများ တွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်နှင့် ပြည်နယ်လွှတ်တော် အသီးသီး၏ ပြည်သူ့ကိုယ်စား လှယ်များ၊ ပြည်ထောင်စု[5] ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေ နှင့် နည်းဥပဒေများအရ ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသော ပြည်သူ့ဝန်ထမ်းများက အဆင့်ဆင့် ခွဲဝေကျင့်သုံးရမည်ဖြစ်သည်။

(ဃ) အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြားစီကျင့်သုံးခြင်း (Separation of Power) ရှိရမည်။

(င) ပြည်ထောင်စု အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော တိုင်းရင်းသား ပြည်သူလူထုအနေဖြင့် လူထုဆန္ဒဖော်ထုတ်ပိုင်ခွင့်နှင့် အဆိုတင်သွင်းပိုင်ခွင့်အာဏာ (Initiative Power) နှင့် ဆန္ဒခံယူခွင့် အာဏာ (Referendum Power) များကို အစိုးရထံသို့ လည်းကောင်း၊ ပြည်သူ့

[4] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[5] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ နိုင်ငံတော်ဟူသော အသုံးအနှုန်းအစား ပြည်ထောင်စုသို့ ပြောင်းလဲခြင်း။

ဝန်ထမ်းများထံသို့လည်းကောင်း အလုံးစုံအပ်နှင်းခြင်းမရှိဘဲ မိမိတို့လက်ဝယ်တွင် ထားရှိကျင့်သုံးခွင့် ရှိရမည်။

## ၂။ တန်းတူရေး (Equality)[6]

(က) ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားပြည်နယ်များ၊ အမျိုးသားများပြည်နယ်များနှင့် ဖက်ဒရယ်ပြည်ထောင်စု နယ်မြေများဖြင့် ဖွဲ့စည်းပြီး ယင်းပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို အချုပ်အခြာအာဏာများဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တန်းတူရည်တူ အပ်နှင်းထားရမည်။[7]

(ခ) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစု အခွင့်အရေးများကာကွယ်မြှင့်တင်ခြင်းမှအပ [8] မည်သည့်လူမျိုးကိုမှ အထူးအခွင့်အရေးမပေးရ။ မည်သည့်လူမျိုးကိုမှ အခွင့် အရေး ချုပ်ချယ်ကန့်သတ်ခြင်းမရှိစေရ။

## ၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)[9]

[6] ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

[7] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[8] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[9] ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိရမည်။

(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြသောကြောင့် မိမိတို့၏ကံကြမ္မာကို မိမိတို့ ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီး ဆုံးဖြတ်ပိုင်ခွင့်ရှိကြရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိကြရမည်ဖြစ်သော ကြောင့် အချုပ်အခြာအာဏာ[10] (၃) ရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပြည့်အဝ ကျင့်သုံးခွင့် ရှိရမည်။ ထိုသို့ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက လွတ်လပ်စွာရေးသားပြဋ္ဌာန်း ပိုင်ခွင့်ရှိကြရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခွင့်အရေးအဖြစ်ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မှ ရုပ်သိမ်းဟန့်တားခြင်း မရှိစေရ။

[10] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ နိုင်ငံရေးအာဏာ ဟူသော အသုံးအနှုန်းအစား အချုပ်အခြာအာဏာသို့ ပြောင်းလဲခြင်း။

## ၄။ ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)[11]

ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းပိုင်ခွင့်ရှိရမည်။ ပြည်ထောင်စုအဆင့်လွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိပြီး အချုပ်အခြာအာဏာများ [12] တန်းတူညီမျှစွာအပ်နှင်းခြင်းခံရသည့် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော အာဏာ (၃) ရပ်စလုံးကို အပြည့်အဝအပ်နှင်းစေရမည့် အပြင်၊ ထိုအာဏာ (၃) ရပ်စလုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာကျင့်သုံးနိုင်ရေး အတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများကို လွတ်လပ်စွာ ထူထောင်ပိုင်ခွင့်ရှိရမည်။

[11] ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

[12] ၂၀၁၈ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – Federalism Paper Review Workshop (Yangon) မှ နိုင်ငံရေးအာဏာ ဟူသော အသုံးအနှုန်းအစား အချုပ်အခြာအာဏာသို့ ပြောင်းလဲခြင်း။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည်[13] ပြည်နယ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေများကို လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းပိုင်ခွင့်ရှိရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့် (Self–Rule) နှင့် ထိုအဖွဲ့ဝင် ပြည်နယ်များ ပူးပေါင်း၍ ဖွဲ့စည်းသည့် ပြည်ထောင်စုကို စုပေါင်းအုပ်ချုပ်ခွင့် (Shared–Rule)တို့ကို ပေါင်းစပ်ထားသည့်စနစ် ဖြစ်သောကြောင့် ဖက်ဒရယ် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် အစိုးရများ အကြားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့် သုံးခြင်း (Division of Powers) ရှိရမည်။

(င) တန်းတူသောပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းထားခြင်း ကြောင့် ပြည်ထောင်စု အဆင့်တွင် အမျိုးသားလွှတ်တော် (အထက်လွှတ် တော်)နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) များကို ထားရှိရ မည်ဖြစ်ပြီး အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) ကို ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များက တိုင်းရင်းသားလူမျိုးစုများ (တိုင်းရင်းသား လူမျိုးများကို အခြေခံ၍) ဦးရေတူညီစွာ စေလွှတ်သော ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းရမည်။

(စ) ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ပြည်ထောင်စုနှင့်ပြည်နယ်တို့ ပူးတွဲကျင့်သုံးရမည့် ထပ်တူပြုအာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအာဏာ၊ ပြည် နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင်

[13] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

ထည့်သွင်းဖော်ပြထားခြင်းမရှိသည့် အာဏာ (ကြွင်းကျန်အာဏာ)များ သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် တည်ရှိသည်။[14]

## ၅။ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း (Ethnic Minority Rights)[15]

ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစု များ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ် ပြဋ္ဌာန်းပေးရမည်။

(က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့် အရေးများကို အပြည့်အဝ ကာကွယ်ပေးနိုင်ရန်အတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ (Auto-nomous Regions or Self-administered Areas) ကို ဥပဒေနှင့်အညီ သတ်မှတ် ပြဋ္ဌာန်းရမည်။
မှတ်ချက်။ ။ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသတ်မှတ်ခြင်းနှင့် ပက်သက်သည့် အခြေခံစံနှုန်း များကို ပြုစုရေးသားရန်။[16]

(ခ) ထိုလူနည်းစုများက မိမိတို့၏ ယဉ်ကျေးမှုဘာသာစကားနှင့် အမျိုးသား လက္ခဏာများ ထိန်းသိမ်းကာကွယ်ခွင့်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စသည်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့်အာဏာများ ကိုလည်း အပြည့်အဝ အပ်နှင်းထားရမည်။

---

[14] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[15] ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

[16] ၂၀၁၈ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ အကြံပြုသည့် ရှေ့လုပ်ငန်းစဉ်။

## ၆။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား-မ ဆိုင်ရာတန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)[17]

(က) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် လူပုဂ္ဂိုလ်တဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) နှင့် တိုင်းရင်းသား လူမျိုးများ လူမျိုးအလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများ (Collective Rights) ကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိရမည်။

(ခ) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများမဟုတ်ကြသော်လည်း ပြည်ထောင်စု၏ နိုင်ငံသား ခံယူထားကြသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝ ခံစားခွင့်ရှိရမည်။

(ဂ) နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေအနေ အောက်တွင်မှ ရုပ်သိမ်းခွင့်မရှိစေရ။

(ဃ) ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများကို လုံးဝပိတ်ပင် ဟန့်တား ထားရမည်။

## ၇။ ပါတီစုံ ဒီမိုကရေစီ (Multi-Party Democracy System)[18]

[17] ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

[18] ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

(က) ပြည်ထောင်စုတွင် တစ်ပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့် ဟန့်တား ကာကွယ်ရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်က[19] သီးခြားဆွေးနွေး၍ ပြဋ္ဌာန်းပေးရမည်။

## ၈။ ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State)[20]

နိုင်ငံရေးနှင့် ဘာသာရေး ရောစပ်ခြင်း မရှိစေဘဲ၊ ဘာသာတရားကို အခြေမခံသောနိုင်ငံ ဖြစ်ရမည်။

(က) လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်မူအရ နိုင်ငံသားတိုင်းသည် မိမိနှစ်သက်ရာ ဘာသာ အယူဝါဒကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိရမည်။

(ခ) ဘာသာရေးကို အသုံးချ၍ နိုင်ငံရေးရာကိစ္စများကို ဆောင်ရွက်ခြင်းမပြုရ။

(ဂ) မည်သည့်ဘာသာတရားကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း မပြုရ။

---

[19] ၂၀၁၈ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ပြည်ထောင်စုလွှတ်တော်ဟူသော အသုံးအနှုန်းအစား ပြည်ထောင်စု အဆင့် လွှတ်တော်နှစ်ရပ် ဟု ပြောင်းလဲခြင်း။

[20] ဖက်ဒရယ်အခြေခံမူများ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (၂၀၁၇ ခုနှစ်၊ ဧပြီ ၈-၉) တွင် အတည်ပြုသည်။

## ဖက်ဒရယ်အခြေခံမူများ

### ၁။ နိုင်ငံအမည်နာမ (Name of Country)

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ အမည်ကို "ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံ"ဟု ခေါ်ဆိုရာတွင် မြန်မာနိုင်ငံဟူ၍ဖြစ်စေ၊ ဗမာနိုင်ငံဟူ၍ဖြစ်စေ၊ အင်္ဂလိပ်ဘာသာစကားဖြင့် Burma သို့မဟုတ် Myanmar ဟူ၍ဖြစ်စေ သုံးနှုန်းခေါ်တွင်ခြင်းသည် ပြည်ထောင်စု နိုင်ငံအတွင်း နေထိုင်လာခဲ့သည့် တိုင်းရင်းသားလူမျိုးများအနက် လူမျိုး တစ်မျိုး ဖြစ်သည့် ဗမာအမျိုးသားများကိုသာ ရည်ညွှန်းနေသည်။

(ခ) သို့ဖြစ်ပါ၍ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက် ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူညီမျှ မှုကို ဖော်ဆောင်နိုင်ရန် တိုင်းရင်းသား လူမျိုးများအားလုံးကို ကိုယ်စားပြု နိုင်မည့် အမည်နာမအသစ်တခု ဆွေးနွေးသတ်မှတ်ရမည်။

### ၂။ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ

ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားပြည်နယ်များ၊ အမျိုးသားများပြည်နယ် များနှင့် ဖက်ဒရယ် ပြည်ထောင်စုနယ်မြေများဖြင့် ဖွဲ့စည်းရမည်။[21]

[21]FCDCC(Federal Constitution Drafting and Coordinating Committee) မှရေးဆွဲသော ဖက်ဒရယ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၄၈) (ခ)- ၂၀၁၈ ခုနှစ် မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီအကြံပေးများ၏ ပြန်လည် ဆန်းစစ်ခြင်းကို ထုတ်နုတ်ခြင်း။

(က) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကချင်အမျိုးသားပြည်နယ်

(၂) ကရင်အမျိုးသားပြည်နယ်

(၃) ကရင်နီအမျိုးသားပြည်နယ်

(၄) ချင်းအမျိုးသားပြည်နယ်

(၅) ဗမာအမျိုးသားပြည်နယ်

(၆) မွန်အမျိုးသားပြည်နယ်

(၇) တနင်္သာရီ အမျိုးသားများပြည်နယ်

(၈) ရခိုင်အမျိုးသားပြည်နယ်

(၉) ရှမ်းအမျိုးသားပြည်နယ်

(၁၀) ဧရာဝတီအမျိုးသားများပြည်နယ်

(၁၁) -------------

(၁၂) -------------

**၃။ ဥပဒေပြုရေးဆိုင်ရာများ (Legislature)**

(က) ဖက်ဒရယ်ပြည်ထောင်စုအဆင့်လွှတ်တော်

(၁) ဖက်ဒရယ်ပြည်ထောင်စုအဆင့်တွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဟူသည့် လွှတ်တော် (၂) ရပ်ဖြင့် ဖွဲ့စည်းရမည်။

(၂) အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ဥပဒေပြုအာဏာ ညီတူညီမျှ ရှိရမည်။
မှတ်ချက်။ ။ညီတူညီမျှဟူသောစကားရပ်ကို စဉ်းစားရန် လိုအပ်သည်။ ပြည်နယ်ဆိုင်ရာ အခွင့်အရေးများကို အမျိုးသားလွှတ်တော်အား အာဏာပိုပေးရန် လိုအပ်လာပါက လုပ်ဆောင်ရမည့်နည်းလမ်းကို ကြိုတင်စဉ်းစားထားသင့်သည်။[22]

(ခ) အမျိုးသားလွှတ်တော်

(၁) အမျိုးသားလွှတ်တော်ကို သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အသီးသီးက အရေအတွက်တူညီစွာ စေလွှတ်သည့် ကိုယ်စားလှယ်များ ဖြင့် ဖွဲ့စည်းရမည်။[23]

(၂) အမျိုးသားလွှတ်တော်တွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ ကိုယ်စားပြု ရွေးချယ်ခံရမည့်သူသည် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ပြည်သူ့ဝန်ထမ်းနှင့် တပ်မတော်သား မဖြစ်စေရ။

[22] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်း အကြံပြုချက်။

[23] FCDCC မှရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၇၂)(က) - ၂၀၁၈ ခုနှစ် မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီအကြံပေးများ၏ ပြန်လည်ဆန်းစစ် ခြင်းကို ထုတ်နုတ်ခြင်း။

(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းကို (၆) နှစ် သတ်မှတ်သည်။ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကို (၃) နှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်၍ လဲလှယ်ရမည်။ လွှတ်တော်ပထမသက်တမ်းတွင် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်သည် လွှတ်တော်သက်တမ်း၏ ထက်ဝက်သာ ဖြစ်သည်။[24]

(၄) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌတို့သည် ပြည်နယ်တစ်ခုတည်းနှင့် လူမျိုး တစ်မျိုးတည်းမှ ကိုယ်စားလှယ်များ မဖြစ်စေရ။[25]

(ဂ) ပြည်သူ့လွှတ်တော်

(၁) ပြည်သူ့လွှတ်တော်ကို လူဦးရေ၊ အကျယ်အဝန်းနှင့် မြို့နယ် အပေါ်တွင် အခြေခံ၍ ဖွဲ့စည်းထားသော မဲဆန္ဒနယ်များမှ

[24]FCDCC မှရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၇၅)- ၂၀၁၈ ခုနှစ် မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီအကြံပေးများ၏ ပြန်လည်ဆန်းစစ်ခြင်းကို ထုတ်နုတ်ခြင်း။

[25]FCDCC မှရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၇၄)- ၂၀၁၈ ခုနှစ် မတ်လ ၂-၃ နှင့် ၁၆-၁၇ ရက်များတွင် ချင်းမိုင်နှင့် ရန်ကုန်မြို့တို့၌ ပညာရှင်များမှ (၄) နှစ်အစား (၆) နှစ် ၊ (၂) နှစ်အစား (၃) နှစ်ဟု ပြန်လည်ပြင်ဆင်သတ်မှတ်သည်။

မဲဆန္ဒရှင်များက ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စား လှယ်များဖြင့် ဖွဲ့စည်းသည်။[26]

(ဃ) ဥပဒေပြုပုံ

(၁) ပြည်ထောင်စုအဆင့် လွှတ်တော်အစည်းအဝေးများကို လွှတ်တော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) အဆိုပြုလာသော ဥပဒေတစ်ရပ်ရပ်ကို လွှတ်တော်တစ်ရပ်စီမှ လွတ်လပ်စွာ သီးခြားမဲပေးဆုံးဖြတ်ရမည်။

(၃) ပြည်နယ်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များမှအပ လွှတ်တော် အသီးသီးတွင် မဲပေးဆုံးဖြတ်ရာ၌ ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့်သာ အတည်ပြုရမည်။[27]

(၄) ပြည်နယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ပက်သက်ပါက အမျိုးသားလွှတ်တော် ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။[28]

---

[26]FCDCC မှရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၈၂) - ၂၀၁၈ ခုနှစ် မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီ အကြံပေးများ၏ ပြန်လည်ဆန်းစစ်ခြင်းကို ထုတ်နုတ်ခြင်း။

[27]၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည် ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[28]၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

(၅) အမျိုးသားလွှတ်တော် (Chamber of Nationalities) နှင့် ပြည်သူ့လွှတ်တော် (Chamber of People's Representatives) တို့သည် ဥပဒေပြုရေးတွင် အထောက်အကူပြုမည့် လိုအပ်သောရေးရာကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှ ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။

(၆) လွှတ်တော်တစ်ရပ်ရပ်က အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အခြားလွှတ်တော်မှ အတည်ပြုနိုင်ခြင်း မရှိလျှင် လွှတ်တော်နှစ်ရပ်မှ တူညီသောကိုယ်စားလှယ်များဖြင့် ပူးတွဲညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်း၍ ညှိနှိုင်းအဖြေရှာပြီး သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ ပြန်လည် ပေးပို့ရမည်။[29]

## ၄။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ (State Constitution)

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးခွင့်ရှိသည်။[30]

[29] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည် ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[30] FCDCC မှရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၅၀)- ၂၀၁၈ ခုနှစ် မတ်လ ၂-၃ နှင့် ၁၆-၁၇ ရက်နေ့တွင် ENAC မှ ပေါ်လစီအကြံပေးများ၏ ပြန်လည်ဆန်းစစ်ခြင်းကို ထုတ်နုတ်ခြင်း။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိ တိုင်းရင်းသားပြည်သူ လူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြသည်။[31]

(ဂ) သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်၏ ထူးခြားချက်အလိုက် ဥပဒေပြုအာဏာကို လွှတ်တော် (၁) ရပ်ဖြင့် ဖြစ်စေ၊ (၂) ရပ်ဖြင့် ဖြစ်စေ လွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့်ရှိသည်။

(ဃ) ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ပြည်ထောင်စုနှင့်ပြည်နယ်တို့ ပူးတွဲကျင့်သုံး ရမည့် ထပ်တူပြုအာဏာများကို သတ်မှတ်ပြဌာန်းရမည်။[32]

(င) ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင် ထည့်သွင်း ဖော်ပြထားခြင်းမရှိသည့် အာဏာများသည် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များတွင် တည်ရှိသည်။[33]

(စ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ပြည်ထောင်စုအဆင့်၊ ပြည်နယ် အဆင့်နှင့် ဒေသန္တရ အဆင့် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်[34]) ဟူ၍ ဖွဲ့စည်း တည်ဆောက်ရမည်။
မှတ်ချက်။ ။ ပြည်ထောင်စုအခြေခံမူ - နိုင်ငံဖွဲ့စည်းပုံတွင် သွားရောက် ထည့်သွင်းရန်။

---

[31]FCDCC မှရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၃)- ၂၀၁၈ ခုနှစ် မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီ အကြံပေး များ၏ ပြန်လည်ဆန်းစစ် ခြင်းကို ထုတ်နုတ်ခြင်း။

[32]၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[33] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[34] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

(ဆ) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာ ပြည်နယ်အတွင်း အစဉ်အဆက် နေထိုင်ခဲ့ ကြသော တိုင်းရင်းသားလူမျိုးများ၏စာရင်းကို ပြုစုဖော်ပြထားရမည်။

(ဇ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တွင် လွှတ်တော် (၂) ရပ်ကျင့်သုံးရာ၌

(၁) ပြည်နယ်အထက်လွှတ်တော်ကို သက်ဆိုင်ရာ ပြည်နယ်၏ ထူးခြားမှုအလိုက် လူမျိုးကို အခြေခံ၍သော်လည်းကောင်း၊ နယ်မြေဒေသကို အခြေခံ၍သော်လည်းကောင်း ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။[35]

(၂) ပြည်နယ်အောက်လွှတ်တော်ကို မြို့နယ်အပေါ်တွင်ဖြစ်စေ၊ လူဦးရေအပေါ်တွင်ဖြစ်စေ အခြေခံသော ရွေးကောက်ပွဲများ တွင် ပြည်နယ်သားများက အများဆုံး အနိုင်ရသည့်စနစ် ကျင့်သုံး၍ ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ် ဖြင့် ဖွဲ့စည်းရမည်။

(ဈ) ပြည်နယ်အစိုးရကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီး၏ ထူးခြားချက်အလိုက် ဝန်ကြီးချုပ်စနစ် (Chief Minister) ဖြင့်ဖြစ်စေ၊ ပြည်နယ် အကြီးအကဲစနစ် (Governor) ဖြင့်ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

(ည) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအချင်းချင်း ပြည်နယ်အတွင်းရေး ကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရ။

[35] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

## ၅။ အစိုးရဖွဲ့စည်းပုံ (Forms of Government)

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအစိုးရကို ဝန်ကြီးချုပ်ဦးဆောင်သောစနစ် (Parliament -ary System) ဖြင့် ဖွဲ့စည်းရမည်။

## ၆။ အာဏာခွဲဝေခြင်း (Division of Power)

### (က) ပြည်ထောင်စုအာဏာ

အောက်ပါအာဏာများသည် ပြည်ထောင်စုတွင် ထားရှိသည်။

(၁) နိုင်ငံခြားရေး။

(၂) ငွေစက္ကူ ထုတ်လုပ်ရေး။

(၃) စာတိုက်နှင့် ကြေးနန်း ဆက်သွယ်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေး။

(၅) ပြည်ထောင်စုတရားရေး ကဏ္ဍ[36]။

(၆) အခြေခံအဆောက်အအုံများ။

(၇) နိုင်ငံသားဆိုင်ရာကိစ္စရပ်များ။

(၈) ပြည်ထောင်စုဘဏ္ဍာရေး။

[36] FCDCC မှရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၁၀၃) (ခ)- ၂၀၁၈ ခုနှစ် မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီ အကြံပေးများ၏ ပြန်လည်ဆန်းစစ်ခြင်းကို ထုတ်နုတ်ခြင်း။

(၉) ပြည်နယ်တစ်ခုနှင့် တစ်ခုကုန်သွယ်ရေး[37]

(၁၀) ပြည်ထောင်စုရဲတပ်ဖွဲ့

(၁၁) ပြည်နယ် နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ[38]

## (ခ) ပြည်နယ်အာဏာ

အောက်ပါအာဏာများသည် ပြည်နယ်များတွင် ထားရှိသည်။

(၁) ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်။

(၂) ပညာရေး။

(၃) ကျန်းမာရေး (ဆေးရုံ၊ ဆေးပေးခန်း၊ ကျန်းမာရေး ဝန်ထမ်းခန့်အပ်ခြင်း၊ ပြည်နယ် ကျန်းမာရေး ဝန်ဆောင်မှုစသည်)။

(၄) တရားရေးကဏ္ဍ (ပြစ်မှုဆိုင်ရာဥပဒေ - Criminal Laws နှင့် တရားမမှု Civil Laws)။

(၅) လူမှုဖူလုံရေး။

(၆) ပြည်နယ် အခြေခံအဆောက်အအုံများ (Local Infrastructure)။

[37] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC - ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ အကြံပြုချက်။

[38] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

(၇) မြေယာ (Indigenous land title၊ land ownership rights၊ မြေ၊ သစ်တော၊ ရေ၊ ရေလုပ်ငန်းနှင့် ဆက်စပ်သည့် သယံဇာတ အားလုံးပါဝင်သည်)။[39]

(၈) ပြည်နယ်သားဆိုင်ရာ ကိစ္စရပ်များ။

(၉) ပြည်နယ်တစ်ခုအတွင်း မြေထု၊ ရေထု၊ လေထုရှိ[40] သယံဇာတများ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းများ။

(၁၀) တောင်သူ[41]၊ အလုပ်သမား၊ လယ်သမားဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များ။

(၁၁) ပြည်နယ်ဘဏ္ဍာရေး။[42]

(၁၂) ပြည်နယ်အခွန်ဆိုင်ရာကိစ္စရပ်များနှင့် အကောက်အခွန် ဆိုင်ရာကိစ္စရပ်များ[43]

(၁၃) နေအိမ်၊ ဥပစာ၊ မြေယာ၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ။

---

[39] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[40] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[41] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[42] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[43] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

(၁၄) ဒေသန္တရအုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထူထောင်ခြင်းဆိုင်ရာ စည်းမျဉ်း သတ်မှတ်ချက်များ။[44]

## (ဂ) ထပ်တူညီပဒေပြုအာဏာအညွှန်း[45]

အောက်ပါအာဏာများသည် ပြည်ထောင်စုနှင့် ပြည်နယ်များတွင် ထားရှိသည်။ အမျိုးသား လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့သည် အောက်ဖော်ပြပါ ကိစ္စများတွင် မိမိတို့ လွှတ်တော်တစ်ခုချင်းစီအလိုက် ထပ်တူညီပဒေပြုပိုင်ခွင့်အာဏာ ရှိစေရမည်။

(၁) အခွန်ဆိုင်ရာကိစ္စရပ်များ။

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

(၃) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ။

(၄) ဖွား/သေစာရင်းမှတ်ပုံတင်ခြင်း။

(၅) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုအတွင်းရှိ ပြည်ထောင်စု ၏ စီမံကိန်းကြီးများ။

[44] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC - ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ဖြည့်စွက်ချက်။

[45] FCDCC မှ ရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၁၀၄)- ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီ အကြံပေးများ၏ ပြန်လည်ဆန်းစစ်ခြင်းကို ထုတ်နုတ်ခြင်း။

(၆) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုအတွင်း မြေပေါ် မြေအောက် သယံဇာတတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း။

(၇) နိုင်ငံခြားအစိုးရများနှင့် ကုမ္ပဏီများမှ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ကိစ္စရပ်များ။

(၈) ရေဒီယိုနှင့် ရုပ်မြင်သံကြား လုပ်ငန်းများ။

(၉) ဘဏ်နှင့် အာမခံလုပ်ငန်းများ။

(၁၀) တက္ကသိုလ်နှင့် အသက်မွေးဝမ်း ကျောင်းပညာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ။

(၁၁) ကျန်းမာရေး

(၁၂) ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်တစ်နယ်မှတစ်နယ်သို့ ဖြတ် သန်းစီးဆင်းလျက်ရှိ သော မြစ်များနှင့်ရေကြောင်းဆိုင်ရာ စည်းမျည်းသတ်မှတ်ချက်များ၊ ပြည်တွင်း ပင်လယ် ရေကြောင်းနှင့် ကမ်းရိုးတန်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ (မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ)။

(၁၃) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်။

(၁၄) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံး ဥပဒေများ။

(၁၅) ပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းများ။

(၁၆) အလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ။

(၁၇) ကုန်သွယ်ရေး။

(၁၈) လူ့ဝင်မှုကြီးကြပ်ရေး။

(၁၉) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အစီအမံများ (Anti – Corruption Measures)[46]

(၂၀) ဆိပ်ကမ်းခွန်[47]

(၂၁) လူမှုဖူလုံရေး (ပြည်ထောင်စု လူမှုဖူလုံရေးဆိုင်ရာဥပဒေ)[48]

(၂၂) စက်မှုလက်မှုကဏ္ဍ[49]

**၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court)**

(က) ဖက်ဒရယ်နှင့် ပြည်နယ်အကြားသော်လည်းကောင်း ပြည်နယ်အချင်းချင်း အကြားသော် လည်းကောင်း[50] ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်

---

[46]၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC - ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ဖြည့်စွက်ချက်။

[47]၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ပြည်ထောင်စုအာဏာတွင် ထားရှိမှုအား ထပ်တူပြု အာဏာသို့ ပြောင်းလဲပို့ဆောင်ခြင်း။

[48]၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ပြည်ထောင်စုအာဏာတွင် ထားရှိမှုအား ထပ်တူပြု အာဏာသို့ ပြောင်းလဲပို့ဆောင်ခြင်း။

[49]FCDCC မှ ရေးဆွဲခဲ့သော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) - မှ ပြည်ထောင်စုအာဏာအား ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒ စာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထပ်တူပြုသို့ ပြောင်းလဲ သတ်မှတ်ခြင်း။

[50]၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC - ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ FCDCC ပုဒ်မ (၁၃၇) (က) ကို ပြန်လည်ဖြည့်စွက်ချက်။

သောအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လွတ်လပ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီမှ အဖွဲ့အဝင်များ မဖြစ်စေရ။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးများ၏ သက်တမ်းသည် အသစ်ထပ်မံ မတိုးနိုင်သော (Non-renewable) ၁၂ နှစ် သက်တမ်း ဖြစ်သည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးများကို အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်းရမည်။

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးအဖွဲ့ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် အသီးသီးမှ တစ်ဦးကျစီ စေလွှတ်သော တရားသူကြီးများဖြင့် ဖွဲ့စည်းရမည်။
မှတ်ချက်။ ။တရားသူကြီး ရွေးချယ်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းရမည်။[51]

(၂) တရားသူကြီးအဖွဲ့ဝင်များထဲမှ တစ်ဦးကို တရားသူကြီးချုပ် (အခေါ်အဝေါ်ကို ပြန်လည်ညှိနှိုင်းရန်) အဖြစ် ရွေးချယ်တင်မြှောက်ရမည်။ တရားသူကြီးချုပ် အပါအဝင် တရား

[51] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

သူကြီးအဖွဲ့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူရမည်။[52]

(င) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးအဖွဲ့ဝင်တစ်ဦးဦးသည် ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက လွှတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးရမည်။ ကော်မရှင်၏ စုံစမ်းတွေ့ရှိ ချက်ကို အမျိုးသားလွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။ စုံစမ်း စစ်ဆေးရေးကော်မရှင်၏ တင်ပြချက်အပေါ်တွင် အမျိုးသားလွှတ် တော်က ဆုံးဖြတ်ခြင်းပြု လုပ်ရမည်။

## ၈။ လွတ်လပ်သော ကော်မရှင်များ[53]

(က) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် (Anti – corruption commission)

(ခ) ရွေးကောက်ပွဲကော်မရှင် (Election Commission)

(ဂ) ခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် (Anti – discrimination and human rights Commission)

---

[52] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ - ၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက် - တရားသူကြီးချုပ်ဟူသော အခေါ်အဝေါ် အား ပြန်လည်ညှိနှိုင်းရန်။

[53] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

မှတ်ချက်။ ။ Multiple – Source ဖြင့် ဖွဲ့စည်းရန်နှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်လာရန်နှင့် ၎င်းကော်မရှင်များသည် တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိရမည်။

## ၉။ လက်နက်ကိုင်တပ်ဖွဲ့များ (Armed Forces)

### (က) လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာအခြေခံမူများ

(၁) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်နှင့် လုံခြုံရေးဆိုင်ရာ တပ်ဖွဲ့များ [54] အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့်အုပ်ချုပ်မှု အောက်တွင်ရှိရမည် (Civilian Supremacy)။

(၂) အချုပ်အခြာအာဏာကို ကာကွယ်ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်။

(၃) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေး မူဝါဒသည် လူသားလုံခြုံ မှု[55] ကို အခြေခံရမည်။

[54]ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးတပ်ဖွဲ့နှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များ အားလုံးပါဝင်သည်။
[55](က) ပတ်ဝန်းကျင်လုံခြုံမှု (ခ) ကျန်းမာရေးလုံခြုံမှု (ဂ) စီးပွားရေးလုံခြုံမှု (ဃ) တကိုယ်ရည်လုံခြုံမှု (င) လူမှုအသိုင်း အဝိုင်းလုံခြုံမှု (စ) နိုင်ငံရေးလုံခြုံမှု (ဆ) စားနပ်ရိက္ခာလုံခြုံမှု။

(၄) ဖက်ဒရယ်ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်သည် ပြည်ထောင်စု၏ လုံခြုံရေး နှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒ များနှင့် ဥပဒေများကို ပြုစုပြဋ္ဌာန်းပေးရမည်။

(၅) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အသုံးစရိတ်များကို သက်ဆိုင်ရာ လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။[56]

(၆) လုံခြုံရေးနှင့်ကာကွယ်ရေး ကဏ္ဍများတွင် တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ အစည်းများ ဖြစ်သည့် ဝန်ကြီးဌာနများသည် ဌာနပိုင်စီးပွားရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင် ခွင့် မရှိစေရ။[57]

(၇) ပြည်ထောင်စုတွင် အရပ်သားအစိုးရအုပ်ချုပ်မှုအောက်တွင် ရှိသော တပ်မတော် တစ်ခုတည်းသာ ထားရှိရမည်။

(၈) ပြည်ထောင်စုတပ်မတော် အမြဲတမ်းတပ်ဖွဲ့၏ စုပေါင်း အင်အားသည် စစ်ကာလမှ လွဲ၍[58] ပြည်ထောင်စုလူဦးရေ ၏ (၀.၅%) အောက်တွင် ရှိရမည်။

(၉) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် [59] သည် နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးလာမည့် ပြည်ပကျူးကျော်မှု တို့ကို ကာကွယ်ရန် တာဝန်ရှိသည်။

---

[56] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[57] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ် ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ထည့်သွင်းချက်။

[58] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC - ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ဖြည့်စွက်ချက်။

(၁၀) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူ လူထုတစ်ရပ်လုံး၏ အကျိုးစီးပွား[60]ကို ကာကွယ်ရန်ဖြစ်သည်။

(၁၁) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် တိုင်းရင်းသား လူမျိုးများ၏ စုပေါင်း အခွင့်အရေး၊ စုပေါင်းရပိုင်ခွင့်များ (Collective Rights)၊ လူတစ်ဦးချင်းစီ၏ အခြေခံအခွင့် အရေးများ (Individual Rights) ကို မထိပါးစေသော အမျိုးသား လုံခြုံရေးကို ဖော်ဆောင်ရန် ဖြစ်သည်။

(၁၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ဒေသန္တရလုံခြုံ ရေး၊ နိုင်ငံတကာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင် ရမည်။

(၁၃) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာထောက်ထား သည့်ဥပဒေများ၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေများကို လေးစားလိုက် နာရမည်။

(၁၄) သဘာဝကပ်ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ အင်အားကို အသုံး ပြုခွင့် ရှိသည်။

---

[59]ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ကြည်းတပ်၊ ရေတပ်၊ လေတပ်များကို ဆိုလိုသည်။

[60]လူတစ်ယောက် သို့မဟုတ် လူတစ်စု၏ အကျိုးစီးပွားအတွက်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုး ပေါင်းစုံ၏ ဘုံအကျိုးစီးပွားကို ဆိုလိုသည်။

(၁၅) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် နိုင်ငံရေးတွင် ဝင်ရောက် စွက်ဖက်ခြင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံရေး ပါတီတစ်ရပ်ရပ်၏ သြဇာခံဖြစ်ခြင်းတို့မရှိစေဘဲ နိုင်ငံရေး အရ အမှီအခိုကင်းသည့် စွမ်းရည်ပြည့်ဝသော ခေတ်မီ တပ်မတော်[61] (Professional Army) ဖြစ်ရမည်။

(၁၆) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး အခြေ အနေများနှင့် ကိုက်ညီသော စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော်[62] အဖြစ် ဖွဲ့စည်းရမည်။

(၁၇) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ ကာကွယ်ရေး ဆိုင်ရာကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်နိုင်သည့် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်သွားရမည်။

(၁၈) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်တို့ အပေါ်အခြေခံပြီး ခွဲခြားဆက်ဆံမှု မရှိစေရ။

(၁၉) ဖက်ဒရယ်ပြည်ထောင်စု၏ အမျိုးသားစစ်မှုထမ်း ဥပဒေကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့်ညှိနှိုင်း၍ ပြဋ္ဌာန်းရမည်။

(၂၀) စစ်ပညာလေ့ကျင့်သင်ကြားပို့ချရေး သင်တန်းကျောင်း အသီးသီးအတွက် စစ်ဘက် ဆိုင်ရာဘာသာရပ်များအပြင်

[61] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ Professional Army ဟူသော အဓိပ္ပာယ်အား စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်ဟု အဓိပ္ပာယ် ဖွင့်ဆိုခြင်း။

[62] လက်နက်နှင့် အတတ်ပညာကျွမ်းကျင်မှုကို ဆိုလိုသည်။

ဒီမိုကရေစီ အခြေခံကျင့်စဉ်များ၊ လူ့အခွင့်အရေး ဆိုင်ရာ ဘာသာရပ်၊ နိုင်ငံတကာ၏ လူသားချင်းစာနာ ထောက်ထားခြင်း ဆိုင်ရာဥပဒေများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် အခြား လိုအပ်သော ဘာသာရပ်များကို သင်ရိုးညွှန်းတမ်းများ ပြုစု၍ ရေးဆွဲပြဋ္ဌာန်းပေးရမည်။

(၂၁) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သား တစ်ဦးဦးသည် သက်ဆိုင်ရာ နည်းဥပဒေများ၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ အခြားလုံခြုံရေး ဆိုင်ရာနှင့် ဌာနဆိုင်ရာအသီးသီးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခြင်း မရှိစေရ။

(၂၂) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးအတွက် ဖွဲ့စည်းထား သော တပ်မတော်သည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ ဘဝလုံခြုံရေးအတွက် ဖွဲ့စည်းထားသော ပြည်ထောင်စု ရဲတပ်ဖွဲ့၊ ပြည်နယ် ရဲတပ်ဖွဲ့တို့ နှင့် သီးခြားထားရှိ ရမည်။

(၂၃) ပြည်ထောင်စုရဲတပ်ဖွဲ့၊ ပြည်ထောင်စုလုံခြုံရေးတပ်ဖွဲ့၊ ပြည်ထောင်စု ထောက်လှမ်းရေး တပ်ဖွဲ့များသည် ပြည်ထဲရေး ဝန်ကြီး၏ ကွပ်ကဲမှုနှင့် အုပ်ချုပ်မှု အောက်တွင် ရှိသည်။

(၂၄) ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားစီ ဖွဲ့စည်းရမည်။

(၂၅) ပြည်နယ်ကာကွယ်ရေးတပ်[63] ဖွဲ့စည်းခွင့်ရှိသည်။ ၎င်းအား ပြည်နယ်အစိုးရမှ အုပ်ချုပ်ကွပ်ကဲရမည်။ နိုင်ငံလုံခြုံရေး အရေးပေါ်အခြေအနေတွင် လည်းကောင်း၊ သဘာဝကပ် ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်း များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက်သော် လည်းကောင်း၊ ပြည်ထောင်စုအစိုးရမှ ပြည်နယ်လုံခြုံရေး တပ်ဖွဲ့များ၏ အင်အားကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုခွင့်ရှိသည်။

## (ခ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

(၁) ဖက်ဒရယ်ပြည်ထောင်စု၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဖွဲ့စည်းရမည်။ ၎င်းကောင်စီတွင် ပြည်နယ်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီများမှ အနည်း ဆုံးတစ်ဦးစီအပါအဝင် ကောင်စီဝင် စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်း ထက်မကျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းရမည်။[64]

(၂) ပြည်နယ်အစိုးရလက်အောက်တွင် ပြည်နယ်အဆင့် ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၊ ပြည်နယ်အဆင့် ကာကွယ်ရေးဝန်ကြီးဌာနများကို ဖွဲ့စည်းခွင့်ရှိသည်။

---

[63] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်း စစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ဖြည့်စွက်ချက်။

[64] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်း စစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ဖြည့်စွက်ချက်။

## (ဂ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်စုဖွဲ့ပုံ[65]

(၁) ဖက်ဒရယ်ပြည်ထောင်စု၏ စုပေါင်းအမြဲတမ်း စစ်တပ်အင်အားသည် ပြည်ထောင်စု လူဦးရေ၏ ၀.၅% ထက်ပိုပြီးမရှိစေရ။ လိုအပ်သည့် အချိန်တွင် အင်အားဖြည့်တင်းနိုင်ရန် အရံတပ်ဖွဲ့များ ထားရှိရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များမှ အချိုးကျ စေလွှတ်သောတပ်များဖြင့် ဖွဲ့စည်းရမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရာတွင် အဆင့်ဆင့်တိုင်း၌ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များရှိ လူဦးရေအပေါ်အခြေခံ၍ အချိုးကျကိုယ်စားပြု ပါဝင်နိုင်ခွင့်ရှိရမည်။

(၄) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တွင် ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့ကို သီးခြားစီ ဖွဲ့စည်းပြီး တာဝန်များ ကို တိကျသေချာစွာ ခွဲဝေသတ်မှတ် ပေးရမည်။

(၅) ပြည်ထောင်စုတပ်မတော်ကို စီမံကွပ်ကဲရန် စစ်ဦးစီးများအဖွဲ့ကို ပြည်နယ်များမှ အရေအတွက်တူညီစွာ စေလွှတ်သော စစ်ဦးစီးမှူးများဖြင့် ဖွဲ့စည်းရမည်။ ယင်းစစ်ဦး

[65] UNFC အဆိုပြုခဲ့သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေး ဆိုင်ရာမူဝါဒများမှ ထုတ်နုတ်ချက်။

စီးကော်မတီသည် ကာကွယ်ရေးဝန်ကြီး၏ ကွပ်ကဲမှုနှင့် အုပ်ချုပ်မှုအောက် တွင်ရှိသည်။[66]

(၆) ကာကွယ်ရေးဦးစီးချုပ်တစ်ဦးကို ၄င်းတို့အဖွဲ့ထဲမှ ၂ နှစ် သက်တမ်းကာလအတွက် အလှည့်ကျရွေးချယ် ခန့်အပ်ရမည်။

(၇) ကာကွယ်ရေးဦးစီးချုပ်၊ ဒုကာကွယ်ရေး ဦးစီးချုပ်နှင့် ကြည်း၊ ရေ၊ လေ၊ ဦးစီးချုပ်တို့သည် လူမျိုးတစ်မျိုးစီဖြစ်ရမည်။

(၈) ပြည်ထောင်စုတပ်များအား ပြည်နယ်များတွင် နေရာချထားရန် လိုအပ်ပါက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် အညီသာ ပြုလုပ်ရမည်။

မှတ်ချက်။ ။သက်ဆိုင်ရာပြည်နယ်နှင့် ၎င်းပြည်နယ်ရှိ ပြည်သူလူထု တို့၏ သဘောထားကို ရယူရမည်။

(၉) ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ အတွက် သီးခြားစစ်တက္ကသိုလ်များ ဖွဲ့စည်းတည်ထောင်ရမည်။ ယင်းတက္ကသိုလ်များတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များမှ အချိုးကျ တက်ရောက်သင်ကြားခွင့်ရှိစေရ မည်။

## (ဃ) ပြည်နယ်ကာကွယ်ရေးတပ်

[66] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ဖြည့်စွက်ချက်။

(၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် စုစုပေါင်းတပ်အင်အား၏ (၁၀) ရာခိုင်နှုန်းမကျော်သော ပြည်နယ်ကာကွယ်ရေးတပ်ကို ဖွဲ့စည်းခွင့် ရှိသည်။[67]

(၂) ပြည်နယ်ကာကွယ်ရေးတပ်အင်အား အများဆုံးပြည်နယ်၏ တပ်အင်အားသည် ကာကွယ်ရေးတပ်အင်အား အနည်းဆုံး ပြည်နယ်၏ တပ်အင်အားထက် သုံးဆ မကျော်ရ။[68]

(၃) ပြည်နယ်ကာကွယ်ရေးတပ်ကို ပြည်နယ်အစိုးရမှ တိုက်ရိုက် အုပ်ချုပ်ကွပ်ကဲ ရမည်။ နိုင်ငံလုံခြုံရေးအရေးပေါ် အခြေ အနေတွင် ပြည်ထောင်စုဖွဲ့စည်းပုံ၊ ပြည်နယ် ဖွဲ့စည်းပုံ ဥပဒေနှင့်အညီသာ ပြည်နယ်ကာကွယ်ရေးတပ်ကို ပြည်ထောင်စုအစိုးရမှ အသုံးပြုခွင့် ရှိရမည်။

(၄) ပြည်နယ်ကာကွယ်ရေးတပ်များကို သက်ဆိုင်ရာ ပြည်နယ်၏ လိုအပ်ချက်နှင့်အညီ ကာကွယ်ရေးဆိုင်ရာ အင်္ဂါရပ်များ စုံလင်စွာဖြင့် ဖွဲ့စည်းနိုင်သည်။

[67] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ဖြည့်စွက်ချက်။

[68] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ဖြည့်စွက်ချက်။

မှတ်ချက်။ ။ပြည်နယ်အချင်းချင်းကြားတွင် အင်အားကွာခြားမှု ကြီးမားလာခြင်းကို စဉ်းစားသင့်သည်။[69]

(၅) ပြည်နယ်အတွင်း တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာပြည်နယ်က တာဝန်ယူ ဖြေရှင်းရမည်။ လိုအပ် ပါက ပြည်ထောင်စု၏ အကူအညီကို ရယူနိုင်သည်။[70]

## ၁၀။ ရွေးကောက်တင်မြှောက်ပုံစနစ် (Electoral System)

(က) အများစုအနိုင်ရသည့်စနစ် (Plurality System) – FPTP (First Past the Post)

(ခ) ၅၀ + ၁ % စနစ် (အများဆုံး အနိုင်ရသူနှစ်ဦး ပြန်ပြီးအရွေးကောက်ခံသည့်စနစ်- True Majority)

(ဂ) အချိုးကျစနစ် (Proportional Representation)၊ အနိုင်ရပါတီကြီးများအား လွှမ်းမိုး အနိုင်ရရန်[71] (Open and Close List)[72]

---

[69] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ဖြည့်စွက်ချက်။

[70] ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ရန်ကုန်) မှ ဖြည့်စွက်ချက်။

[71] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များမှ အဓိပ္ပာယ်ဖွင့်ဆိုချက်။

(ဃ) အခြားသောရွေးချယ်စရာမဲပေးခြင်း (ခေါ်) (Alternative Voting (aka) Instant Runoff Voting) (အများဆုံး ၃ ခုကို ဦးစားပေးရန်)[73]

[72] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များမှ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[73] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်း စစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များမှ အဓိပ္ပာယ်ဖွင့်ဆိုချက်။

## နောက်ဆက်တွဲများ

### (က) အဓိပ္ပာယ်ဖွင့်ဆိုချက်များ (Definitions)

**(၁) ဖက်ဒရယ်စနစ် (Federalism)**[74]

ဖက်ဒရယ်စနစ်ဆိုသည်မှာ ဗဟိုအစိုးရနှင့် ဒေသအလိုက်အစိုးရများ (ပြည်နယ်၊ တိုင်း သို့မဟုတ် တိုင်းဒေသကြီးများ) အကြား အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ဝေမျှသည့် (သို့မဟုတ်) ခွဲဝေပိုင်းခြားထားသည့်စနစ်ဖြစ်ပြီး အဆိုပါ ပြည်နယ်နှင့်တိုင်း အစိုးရတို့၏ လုပ်ပိုင်ခွင့်အာဏာများကိုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

(အိန္ဒိယနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အားလုံးသည် ဖက်ဒရယ်နိုင်ငံများ ဖြစ်ကြသည်။ သို့သော် ဗဟိုအစိုးရနှင့် ပြည်နယ်နှင့် တိုင်းအစိုးရတို့ကြား ခွဲဝေပိုင်းခြားထားသည့် လုပ်ပိုင်ခွင့်အာဏာများမှာ ကွဲပြားကြ သည်။)

**(၂) အာဏာခွဲဝေခြင်း (Division of Powers)**[75]

ဗဟိုအစိုးရအောက်တွင်ရှိသည့် ပြည်နယ်နှင့်တိုင်းအစိုးရများနှင့် ဗဟိုအစိုးရတို့ကြား လုပ်ပိုင် ခွင့်အာဏာကို ဒေါင်လိုက် ခွဲခြားသတ်မှတ်ခြင်း သို့မဟုတ် အုပ်ချုပ်ရေး၊ ဥပဒေပြဋ္ဌာန်းရေး နှင့် တရားစီရင်ရေးတို့ကြား ဝေမျှလုပ်ပိုင်ခွင့်အာဏာကို အလျားလိုက် သတ်မှတ်လိုက်ခြင်းကို ဆိုလိုသည်။ ဗဟိုအစိုးရ

[74] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[75] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

သည် နိုင်ငံခြားရေးရာကဏ္ဍတွင် လုပ်ပိုင်ခွင့်အာဏာရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ဒေသခံအစိုးရများအပေါ် အာဏာရှိသည်။

## (၃) အာဏာများကို ပိုင်းခြားခြင်း (Separation of Powers)[76]

များသောအားဖြင့် အာဏာများကို အလျားလိုက် ပိုင်းခြားထားခြင်းကို ရည်ညွှန်းသည် (အထက်၌ ဖော်ပြထားသည့် နံပါတ် (၂) ကို ကြည့်ပါ)။ အချို့သောအာဏာများကို ခွဲဝေထား နိုင်ခြေရှိခြင်းကို ဖယ်ထုတ်မထားပေ။ ဥပမာ - ဥပဒေပြဌာန်းရေးမဏ္ဍိုင်က ဥပဒေများကို ရေးဆွဲပြဌာန်းနိုင်သည်။ သို့သော် ထိုရေးဆွဲလိုက်သည့် ဥပဒေများကို နိုင်ငံတော်သမ္မတ (ရှိခဲ့လျှင်) က အကျိုးသက်ရောက်ခြင်း မရှိမီ လက်ခံပြဌာန်းပေးရသည်။
(လူသိများသည့် အာဏာပိုင်းခြားခြင်း ဥပမာတစ်ခုမှာ ဥပဒေပြဌာန်းရေးမှ ပြုလုပ်သည့် တရားရုံးများ၏ ဘာသာပြန်ဥပဒေများဖြစ်ပြီး ထိုဥပဒေများ သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကိုက်ညီမှု ရှိမရှိကို စိစစ်ရသည်။)

## (၄) ထပ်တူပြုအာဏာ (Concurrent Power)[77]

လုပ်ပိုင်ခွင့်အာဏာများတူညီသည့် အစိုးရအဖွဲ့များကြား (သို့မဟုတ်) ဗဟို အစိုးရနှင့် ၎င်း၏ လက်အောက်တွင်ရှိသည့် ပြည်နယ်နှင့်တိုင်းများ ကြားတွင် အာဏာမျှဝေ သုံးစွဲခြင်းကို ထပ်တူပြု အာဏာဟုခေါ်သည်။

---

[76] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[77] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

များသောအားဖြင့် ဗဟိုအစိုးရသည် ပြည်နယ်နှင့်တိုင်း အစိုးရတို့နှင့် အခွန်ကောက်ခံခွင့် အာဏာ များကို မျှဝေကြလေ့ရှိသည်။ ဥပမာ - အမေရိကန် နိုင်ငံ။

### (၅) ကြွင်းကျန်အာဏာ (Residual Power)[78]

ကြွင်းကျန်အာဏာဆိုသည်မှာ အာဏာများကို ကုန်စင်သွားအောင် သက်ဆိုင်သည့် အစိုးရအဖွဲ့ အသီးသီးထံသို့ နေရာချပြီးသည့်နောက် ကျန်ရှိနိုင်သည့် အာဏာများကို အချို့သော အစိုးရအဖွဲ့များတွင် ကြိုတင်ပေးအပ်ထားခြင်း ဖြစ်သည်။ တနည်းအားဖြင့်ဆိုရသော် ပေးအပ်လိုက်ပြီး ကျန်နေသည့် အာဏာများသည် ကြွင်းကျန်အာဏာ ဖြစ်သည်။

### (၆) အထွတ်အထိပ်အာဏာ (Supremacy Power)[79]

ပေးအပ်သမျှ အမြင့်ဆုံးအာဏာသည် (အခြားအာဏာများထက် သာလွန်သည့်) အထွတ်အထိပ် အာဏာဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များသည် သာမန်အားဖြင့် ဥပဒေပြဋ္ဌာန်း ရေးမဏ္ဍိုင်မှ ရေးဆွဲပြဋ္ဌာန်းသည့် ကိုက်ညီမှုမရှိသည့် ဥပဒေများနှင့် နှိုင်းယှဉ်လျှင် သာလွန်နေသည်။ အကယ်၍ ဥပဒေနှစ်ရပ် ပဋိပက္ခ ဖြစ်ပါက ပြည်ထောင်စုမှ ပြဋ္ဌာန်းသည့် ဖက်ဒရယ်ဥပဒေသည် ပြည်နယ်မှပြဋ္ဌာန်းသည့် ပြည်နယ်ဥပဒေထက်သာလွန်သည်။ ဆိုလိုသည်မှာ ဥပဒေနှစ်ရပ် မသင့်မြတ်နိုင်သည့် အခါတွင် အထက်ကိုယ်စားလှယ်များမှ တင်သွင်း သည့်ဥပဒေ

[78] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။
[79] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များမှ အဓိပ္ပာယ်ဖွင့်ဆိုချက်။

များသည် လက်အောက်ခံ ကိုယ်စားလှယ်များမှပြဋ္ဌာန်းသည့် ဥပဒေများထက် အောင်မြင်စမြဲ ဖြစ်သည်။

## (၇) ပြည်နယ်ဖွဲ့စည်းပုံ အခြေခံမူများ (Principle of State Constitution)[80]

ဤအခြေခံမူများသည် ပြည်နယ်တစ်ခုစီ၏ အာဏာများကို အတိအကျ သတ်မှတ်ပေးပြီး ထိုအာဏာများကိုလည်း ကန့်သတ်ပေးသည်။ သာဓက အနေဖြင့် ဒီမိုကရေစီနိုင်ငံတွင် သတင်း မီဒီယာ လွတ်လပ်ခွင့်ကို မည်သည့် ပြည်နယ်တွင်မှ ကန့်သတ်ခွင့်မရှိခြင်းဖြစ်သည်။ ဥပမာ - ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံ။

## (၈) ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူ (Principle for a Federal Constitution)[81]

ဗဟိုအစိုးရနှင့် ၎င်း၏လက်အောက်ခံ ပြည်နယ်များ၏ ဆက်နွယ်မှုကို ဖော်ပြသည့် အခြေခံမူ ဖြစ်သည်။ ဥပမာအားဖြင့် ဗဟိုအစိုးရသည် သူ၏ သီးသန့် အာဏာဖြင့် ငွေစက္ကူများကို ထုတ်ဝေသည်။ ပြည်နယ်အစိုးရတို့သည် ပုံမှန် အားဖြင့် ပြည်နယ်တွင်းရှိ ပြည်သူလူထုတို့၏ အစီအစဉ်များကို တာဝန်ယူ ပေးရသည်။ ပြည်နယ်အစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်အစိုးရ တို့သည် မိမိတို့၏ လုပ်ပိုင်ခွင့် အာဏာများကို လွတ်လပ်စွာ ကျင့်သုံးလေ့ရှိသည်။

[80] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[81] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

## (၉) ဒီမိုကရေစီ (Democracy)[82]

(၁) ပါတီစုံ ဒီမိုကရေစီစနစ်ဖြစ်ရမည်။

(၂) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိ ပြည်သူလူထုများသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြသည်။[83]

(၃) လူ့အခွင့်အရေးကို ဖော်ဆောင်ပေးသည့် ဒီမိုကရေစီ ဖြစ်ရမည်။

(၄) တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်သည့်တရားစီရင်ရေး၊ ဥပဒေရှေ့မှောက်တွင် တန်းတူ ညီမျှမှု ရှိရမည်။

(၅) လျှို့ဝှက်၊ တိုက်ရိုက်၊ ပုံမှန်၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ရှိရမည်။

(၆) နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဖြစ်စဉ်တွင် ပြည်သူလူထုမှ လွတ်လပ်စွာ ပါဝင်ခွင့် ရှိရမည်။

(၇) တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှု ရှိရမည်။

## (၁၀) ပြည်ထောင်စုစနစ် (Union)[84]

---

[82] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[83] FCDCC ရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ပုဒ်မ (၃) - ၂၀၁၈ ခုနှစ် မတ်လ ၂-၃ ရက်နေ့တွင် ENAC မှ ပေါ်လစီ အကြံပေးများ၏ ပြန်လည်ဆန်းစစ်ခြင်းကို ထုတ်နုတ်ခြင်း။

အစိုးရအဖွဲ့များနှင့် တိုင်းဒေသနယ်မြေများမှ အစိုးရအသီးသီးတို့ မိမိတို့ဆန္ဒ အလျောက် တစ်ခုတည်းအဖြစ် အတူတကွစုပေါင်းကြပြီး ပိုမိုထိရောက်သည့် နိုင်ငံရေးအဖွဲ့အစည်းကို တည်ထောင် လိုက်ကြခြင်းကို ပြည်ထောင်စုဟု ခေါ်သည်။ ဤဖြစ်စဉ်သည် ဖက်ဒရယ် ပြည်ထောင်စု လည်းဖြစ်နိုင်သည်။ (အပေါ်မှ နံပါတ် - ၁ ကို ကြည့်ပါ)

## (၁၁) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-Determination)[85]

လူအုပ်စုများ (သို့မဟုတ်) နိုင်ငံများသည် များသောအားဖြင့် အခြားသူများနှင့် ပူးပေါင်း၍ ပြည်ထောင်စုတည်ဆောက်ရန် သို့မဟုတ် သီးခြားနိုင်ငံရေး ပုံစံတစ်ခုကို စီစဉ်ဆောင်ရွက်ရန် မိမိတို့၏ နိုင်ငံရေးအစီအမံများကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာကိုဆိုလိုသည်။

## (၁၂) နိုင်ငံသားတို့၏ တန်းတူအခွင့်အရေး (Equality of Citizens)[86]

ဥပဒေမျက်မှောက် တူညီသည့်အခြေနေတွင် နိုင်ငံတော် အရာရှိတို့က တူညီစွာ ဆက်ဆံကာ လူတိုင်းကို လူမျိုး၊ ဘာသာ၊ နိုင်ငံသားတို့ကို အကြောင်းပြု၍ မဟုတ်ဘဲ တန်းတူသည့် အခွင့်အရေး ကိုရရှိစေသည့် မူဝါဒဖြစ်သည်။ ထိုနှင့် ဆန့်ကျင်ဘက်မှာ ခွဲခြား ဆက်ဆံခြင်း ဖြစ်သည်။

## (၁၃) တစ်ပြည်ထောင်စနစ် (Unitary System)[87]

[84] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။
[85] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။
[86] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

တစ်ပြည်ထောင်စနစ်ဆိုသည်မှာ ဗဟိုအစိုးရက အာဏာကို ဗဟိုမှနေ၍ ချုပ်ကိုင်ထားသည့် စနစ်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် တစ်ပြည်ထောင် အစိုးရက ဒေသန္တရအဆင့်တွင် ပြဿနာများဖြေရှင်းနိုင်ရန်အတွက် ဗဟိုချုပ်ကိုင်သည့် အခွင့်အာဏာကို ဖြေလျှော့ တတ်သည်။ ဥပမာ - အင်ဒိုနီးရှားနိုင်ငံနှင့် ကင်ညာနိုင်ငံ။

## (၁၄) ပါတီစုံ ဒီမိုကရေစီစနစ် (Multi-Party Democracy)[88]

ပါတီစုံဒီမိုကရေစီစနစ်ဆိုသည်မှာ နိုင်ငံရေးပါတီများကို လွတ်လပ်စွာ ဖွဲ့စည်းစေပြီး ၎င်းတို့၏ နိုင်ငံရေးခံယူချက်များနှင့် ထပ်တူကျသည့် နောက်လိုက်သူများကို အလွန်အမင်း ကန့်သတ်ချက်များမလုပ်ဘဲ စည်းရုံးရှာဖွေစေရန်ဖြစ်သည်။ ကိုယ်စားလှယ်များ လွတ်လပ်သည့် ရွေးကောက်ပွဲ ဝင်နိုင်သည့် အခွင့်အာဏာများအထိ ပါဝင်သည်။

## (၁၅) ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စု (Federal Democratic Union)[89]

ပြည်နယ်များတွင် သိသာထင်ရှားသည့် အာဏာများကို ဒီမိုကရေစီနည်းကျကျ ကျင့်သုံးနိုင် သည့် စနစ်တစ်ခုဖြစ်သည်။ ဤစနစ်မျိုးတွင် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့သည် တိကျစွာ သတ်မှတ်ထားသည့် အာဏာများရှိပြီး နှစ်ဘက်လုံး ထပ်တူကျင့်သုံးနိုင်သည့် ထပ်တူပြုအာဏာများ လည်းရှိသည်။

---

[87] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။
[88] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။
[89] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

ထိုစနစ်ကို ဖက်ဒရယ် ဒီမိုကရေစီစနစ် သို့မဟုတ် ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုစနစ်ဟု ခေါ်သည်။

### (၁၆) ဗဟိုချုပ်ကိုင်မှုကို လျှော့ချခြင်း (Decentralization)[90]

တစ်ပြည်ထောင်စနစ်တွင် ဗဟိုအစိုးရမှ မိမိကိုယ်တိုင် ကျင့်သုံးပိုင်ခွင့်ရှိသည့် အာဏာများကို ပြည်နယ်နှင့် ဒေသန္တရအစိုးရတို့ကို ကျင့်သုံးစေခြင်းကို ဗဟိုချုပ်ကိုင်မှုကို လျှော့ချခြင်းဟု ခေါ်သည်။

### (၁၇) အာဏာဆင့်ကဲ အပ်နှင်းခြင်း (Devolution)[91]

လက်အောက်ခံ အစိုးရအဆင့်ဆင့်အား အခွင့်အာဏာများကို ကျင့်သုံးစေခြင်းကို အာဏာဆင့်ကဲအပ်နှင်းခြင်းဟုခေါ်သည်။ အာဏာဆင့်ကဲအပ်နှင်းခြင်းသည် ဗဟိုချုပ်ကိုင်ခွင့် လျှော့ချခြင်းနှင့် တူကောင်းတူနိုင်သည်။ ဒေသန္တရဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် အသုံးအနှုန်းများ လျှော့ရဲနေလျှင် ဖက်ဒရယ်စနစ်နှင့်ပင် ဆင်တူနိုင်သည်။

### (၁၈) ကိုယ်ပိုင် အုပ်ချုပ်ခွင့် (Self-Government or Self-Rule)[92]

[90] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[91] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[92] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

လူထုကို လူထုကိုယ်တိုင်မှ သို့မဟုတ် လူထုကိုယ်စားလှယ်များမှ ကိုယ်တိုင်အုပ်ချုပ်သည့် စနစ်ဖြစ်သည်။ (အပေါ်မှ ဒီမိုကရေစီစနစ်ကို ပြန်ကြည့်ပါ)

## (၁၉) ဒေသန္တရဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Regional Autonomy)[93]

တစ်ပြည်ထောင်စနစ်အစိုးရ သို့မဟုတ် ဖက်ဒရယ်စနစ်ကျင့်သုံးသည့် ပြည်နယ်တစ်ခုခုက လက်အောက်ခံဒေသများသို့ အုပ်ချုပ်ရေးအခွင့်အာဏာ ကျင့်သုံးခွင့်ပြုခြင်းကိုဆိုလိုသည်။

## (၂၀) မျှဝေ အုပ်ချုပ်စေခြင်း (Shared Rule)[94]

မည်သည့်စနစ်တွင်မဆို အဆင့်ဆင့်သော အစိုးရတို့က သီးခြားစီသော်လည်းကောင်း၊ အတူတကွ သော်လည်းကောင်း မျှဝေအာဏာကျင့်သုံးခြင်းကို မျှဝေအုပ်ချုပ်ခြင်းဟု ခေါ်သည်။

## (ခ) အနာဂတ်မြန်မာနိုင်ငံတွင်ကျင့်သုံးမည့် ဖက်ဒရယ်စနစ် (ဖက်ဒရယ်ဒီမိုကရေစီ)[95]

[93] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

[94] ၂၀၁၈ ခုနှစ်၊ မတ်လ ၂-၃ ရက်နေ့ ENAC – ဖက်ဒရယ်မူဝါဒစာတမ်း ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (ချင်းမိုင်) မှ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

[95] ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၂၄) ရက်နေ့ NCA လက်မှတ်ရေးထိုးရေးနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်၊ "ဖက်ဒရယ်ဒီမိုကရေစီ"ဟူသော ဝေါဟာရ အပေါ်တွင် အဓိပ္ပာယ်ရှင်းလင်းချက်။

(၁) ဖက်ဒရယ်စနစ်ဖြင့် နိုင်ငံ/တိုင်းပြည် တည်ဆောက်ရာတွင် အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အပြည့်အဝ အာမခံချက်ရှိရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များနှင့် ထိုပြည်နယ်များရှိ ပြည်သူလူထုထံမှ ဆင်းသက်ရမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စု၏ သီးခြားလွတ်လပ်သည့် အဖွဲ့ဝင်ပြည်ထောင်စုများမှ မိမိတို့ ဆန္ဒအလျောက် လာရောက်ပူးပေါင်းပြီး အတူယှဉ်တွဲနေထိုင်သည့် (Coming Together) ပုံစံဖြစ်ရမည်။

(၄) ဖက်ဒရယ်နိုင်ငံရေးစနစ်ဖြင့် ဖွဲ့စည်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုထဲတွင် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးရမည်။

(၅) အချိုးညီ အခြေခံပေါ်တွင် အချိုးမညီ ဖက်ဒရယ်စနစ် (Asymmetric Overlay on the Symmetric Structure) ကို တည်ဆောက်ရမည်။

(၆) ဖက်ဒရယ်ပြည်ထောင်စုအာဏာကို အဖွဲ့ဝင်ပြည်နယ်များက ကန့်သတ်ပိုင်ခွင့်ရှိသော ဒီမိုကရေစီဖြင့် လွှမ်းမိုးမှုအားထိန်းချုပ်သည့် စနစ် (Demos–Constraining) ကို ကျင့်သုံး ရမည်။

(၇) လူမျိုးပေါင်းစုံရေရှည်တည်တံ့သော ချစ်ကြည်ညီညွတ်ရေးကို ဦးတည်၍ လူဦးရေများသော လူမျိုးတို့က လူဦးရေနည်းသော လူမျိုးတို့အပေါ် လွှမ်းမိုးချုပ်ချယ်မှု မရှိစေရေးအတွက် လူမျိုးစုတို့၏ ခံစားခွင့်ကို အကာအကွယ်ပေးသည့် အခြေခံမူ ရှိရမည်။

## (ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံတွင် ပြောကြားခဲ့သော UNFC ဥက္ကဋ္ဌ၏ အဖွင့်မိန့်ခွန်း[96]

အားလုံးမင်္ဂလာပါ။ ကျနော့်နာမည် ဦးအင်ဘန်လ[97]ပါ။ UNFC ရဲ့ဥက္ကဋ္ဌ နဲ့ KIO ရဲ့ (ဒု)ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရပါတယ်။ ကျနော်တို့ တိုင်းရင်းသား များကတော့ ကျနော့်ကို ဗိုလ်ချုပ်ကြီး အင်ဘန်လလို့ ခေါ်ကြပါတယ်။ အခု ဒီညီလာခံကို ကျွန်တော်တို့ KIO အဖွဲ့က NLD အစိုးရနဲ့ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်း စုကြည်ကို ထောက်ခံကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ရော ဖက်ဒရယ်ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေး ကို လိုချင်လွန်းလို့ပါ အခက်အခဲ ပေါင်းစုံကြားကနေ မဖြစ်မနေတက်ရောက် လာကြတာ ဖြစ်ပါတယ်။ ယနေ့ နိုင်ငံ့အကြီးအကဲ ခေါင်းဆောင်အသီးသီးကနေ ကျနော်တို့ တိုင်းရင်းသားများ အပေါ်မှာကော၊ စစ်ပြေးဒုက္ခသည်များ အပေါ်မှာကော မေတ္တာ၊ စေတနာ၊ ကရုဏာသက်တဲ့ အသံတွေကြားရတော့ အင်မတန်မှ နှလုံးစိတ်ဝမ်းအေးရ ပါကြောင်း ပြောကြားလိုပါတယ်။ ဒီအသံတွေဟာ ကမ္ဘာတည်သရွေ့မြဲပါစေကြောင်း လည်း ဆန္ဒပြုလိုက်ရ ပါတယ်။

ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော နိုင်ငံတော်သမ္မတကြီးနဲ့တကွ၊ နိုင်ငံ တော် အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား အသီးသီးမှ ကိုယ်စားလှယ်များ အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့်တကွ နိုင်ငံတကာမှ အစိုးရသံအရာရှိ များ၊ ကမ္ဘာ့မိသားစုများနဲ့ တသီးပုဂ္ဂလများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နံနက်ခင်းပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

---

[96] ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်၊ (၂၁) ရာစုပင်လုံညီလာခံ ပထမအကြိမ်အစည်း အဝေးတွင် ညီညွတ်သောတိုင်းရင်း သားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌမှ ပြောကြားခဲ့သော အဖွင့်မိန့်ခွန်း။

[97] ဗိုလ်ချုပ်ကြီး အင်ဘန်လသည် ၂၀၁၁-၂၀၁၇ ခုနှစ်အထိ ညီညွတ်သော တိုင်းရင်းသား လူမျိုး များဖက်ဒရယ်ကောင်စီ (UNFC) ၏ ဥက္ကဋ္ဌ ဖြစ်ပြီး လက်ရှိတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIO) ၏ ဥက္ကဋ္ဌဖြစ်သည်။

ဒီနေ့ဟာဖြင့် ကျနော်တို့တိုင်းပြည်အတွက် ရှည်ကြာလာပြီဖြစ်တဲ့ စစ်ရဲ့ အနိဋ္ဌာရုံတွေကို သင်ပုန်းကာချေပြီး ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တ တောင်းဆိုနေကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ကြဖို့အတွက် ရည်သန်ပြီး ငြိမ်းချမ်းရေး အစပျိုးဖို့ စုစည်းကြတဲ့ နေ့တစ်နေ့လို့ ပြောရပါမယ်။ ဒါကြောင့် မြန်မာပြည်သမိုင်းမှာ ထူးကဲတဲ့နေ့ထူးနေ့မြတ် ဖြစ်တာကြောင့်မို့ ညီလာခံ တက်ရောက်သူ အားလုံးကို နွေးထွေးစွာ ကြိုဆိုပါကြောင်းနဲ့ ဒီညီလာခံ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြသူ အားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ကျနော့်အနေနဲ့ တိုင်းရင်းသားညီရင်းအစ်ကိုတွေ စုံညီစွာ တဖန်ပြန်ပြီး စုရုံးတွေ့ဆုံကြတဲ့ ဒီညီလာခံနဲ့ ပတ်သက်ပြီး အနည်းငယ်ပြောလိုတဲ့ အကြောင်းတွေရှိ ပါတယ်။ အဲဒါကတော့ ကျနော်တို့ တိုင်းပြည်ကြီးကို လွတ်လပ်ရေးရရှိအောင် ဆောင်ကျဉ်းပေးခဲ့တဲ့ ပင်လုံသဘောတူညီချက်နဲ့ ပတ်သက်တဲ့ အကြောင်းပဲဖြစ်ပါတယ်။ ဒီပင်လုံသဘောတူညီချက်ကို အကြောင်းပြုပြီး ခုတစ်ခါ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံဆိုပြီး ဒီညီလာခံကို ကျင်းပတာ ဖြစ်တဲ့အတွက် ၁၉၄၇ ခုနှစ်က ကျနော်တို့ တိုင်းပြည်လွတ်လပ်ရေးကို ဆောင်ကျဉ်းပေးခဲ့တဲ့ ပင်လုံသဘောတူ ညီချက်ကို အစွဲပြုပြီး ဒုတိယအကြိမ် ပင်လုံညီလာခံကို ကျင်းပတယ်လို့ ကျနော့်ရဲ့ စိတ်ထဲမှာ ခံစားရပါတယ်။ ၁၉၄၇ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ပင်လုံသဘောတူညီချက်ဟာ ဟိုတုန်းက ရှိခဲ့တဲ့ အခြေအနေအောက်ကနေ ဖော်ဆောင်ခဲ့တာဖြစ်သလို ခုတစ်ကြိမ်မှာ လည်း မတူကွဲပြားတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဖော်ဆောင်ကျင်းပ တယ်လို့ နားလည်ပါတယ်။

ဒါကြောင့် ဟိုတုန်းကထားရှိခဲ့တဲ့ ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်နဲ့ ချုပ်ဆိုခဲ့တဲ့ ပင်လုံသဘောတူညီချက်စာချုပ်တွေဟာ အားလုံးကပါဝင်ပြီး သဘောတူညီ ချမှတ်၊ လက်မှတ်ရေးထိုး ထားခြင်းမရှိသော်လည်းပဲ တိုင်းရင်းသားအားလုံးအတွက် ဒီမိုကရေစီရေး၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် မျှော်လင့်ထားသလို ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် မဖော်ဆောင် နိုင်သေးတာကလွဲရင် လွတ်လပ်တဲ့

တိုင်းပြည်တစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ဝါတင့်တယ်စေခဲ့တာကိုတော့ အားလုံးက ငြင်းကွယ်လို့မရတဲ့ သမိုင်းမှတ်တိုင်တစ်ခုဆိုတာကိုတော့ အသိပေးလိုပါတယ်။

ဟိုတုန်းက ကျနော်တို့ပြောခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုဟာ စုဖွဲ့ပြီး အေးအတူ၊ ပူအမျှ ယှဉ်တွဲနေထိုင်ဖို့ ဖြစ်သလိုပဲ အခုကျနော်တို့ပြောတဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုဟာလည်း ခွဲထွက်ရေး မဟုတ်ဘူးဆိုတာကို ပြောလိုတယ်။ တစ်ခုပဲပြောလိုတာကတော့ တန်းတူရည်တူ၊ အေးအတူ၊ ပူအမျှ ယှဉ်တွဲနေထိုင်နိုင်ဖို့ တစ်ယောက်နဲ့ တစ်ယောက်၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး ဘယ်လိုအပြန်အလှန် အသိအမှတ်ပြုကြပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြမယ်၊ မျှဝေခံစား ကြမယ်၊ ပူးပေါင်းဆောင်ရွက် ကြမယ်ဆိုတဲ့ သာစေ၊ နာစေ မဟုတ်တဲ့ ညီအကို မောင်နှမ စိတ်ဓာတ် သို့မဟုတ် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြဖို့တော့ အလွန်အရေး ကြီးပါတယ်။ ဗမာ မဟုတ်တဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ လက်နက်စွဲကိုင်ပြီး တော်လှန်မှုတွေ ပြုလုပ်နေကြတာဟာ ဘာကြောင့်လဲလို့ မေးချင်ကြပါလိမ့်မယ်။ ကျနော်တို့ဟာ ပင်လုံမှာ ပြုခဲ့ကြတဲ့ကတိ၊ ချုပ်ခဲ့ကြတဲ့ စာချုပ်ပါ သဘောတူညီချက် တွေကို ပြီးပြည့်စုံအောင် အကောင်အထည် မဖော်ခဲ့ကြလို့ ကျနော်တို့ လိုလား တောင့်တတဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံတဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေရလို့ပဲဆိုတာကို ပြောလိုပါတယ်။

ဒါကြောင့် ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်၊ ပင်လုံသဘောတူညီချက် တွေကို အခြေခံပြီး ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်လာတဲ့ ကျွန်တော်တို့ တိုင်းပြည်မှာ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေ၊ ကိုယ်ပိုင်ပြဌာန်းခွင့်တွေကို အာမခံ ဆောင်ကျဉ်းပေးမယ့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ထွန်းဖို့အတွက် အခုစတင် ကျင်းပပြုလုပ်တဲ့ ညီလာခံကနေ ရှေ့ဆက်ညီလာခံတွေမှာ ပင်လုံစိတ်ဓာတ်၊ ကတိ ကဝတ်နဲ့ သဘောတူညီချက်တွေကို ယုတ်လျော့ပျက်ပြယ် တိမ်းစောင်း မှေးမှိန်စေခြင်း အလျဉ်းမရှိစေဘဲ အထူးသတိချပ်ပြီး ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက်ချမှတ် အကောင် အထည်ဖော် ဆောင်ရွက်ကြဖို့ အလွန်အရေးကြီးပါမယ်။

တိုင်းပြည်ရဲ့အနာဂတ်အရေးကို ဆောင်ရွက်ကြတဲ့နေရာမှာ စိတ်ရှည် သည်းခံခြင်း၊ သဘောထားကြီးခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းနဲ့ ခွင့်လွှတ်တတ်ခြင်းတို့ကို အခြေခံဖို့လည်း အရေးကြီးပါတယ်။ ကျနော်တို့အားလုံးဟာ မတူကွဲပြားတဲ့ သမိုင်းအခြေခံ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှုနဲ့ ဘာသာစကားတွေကနေလာကြတာ ဖြစ်တဲ့အတွက် အပေါ်က ပြောခဲ့တဲ့ စိတ်ရှည်သည်းခံမှု၊ သဘောထားကြီးမှု၊ ယုံကြည်မှုနဲ့ အပြန်အလှန်အသိအမှတ်ပြုမှုတွေဟာ မရှိမဖြစ်လိုအပ်မှာဖြစ်ပါတယ်။ ဒီအချိန်ဟာ သယံဇာတပေါကြွယ်ဝပါလျက်နဲ့ ဆင်းရဲမွဲတေနေတဲ့ ကျနော်တို့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် အတူတကွအားကြိုးမာန်တက် ပူးပေါင်း ဆောင်ရွက်ကြဖို့ အဆောတလျင် လိုနေပြီမို့ ကျနော့်အနေနဲ့ ကဗျာတွေ၊ စာတွေ သီကာပတ်ကုံး ပြောမနေပဲ ရိုးရှင်းစွာ လိုရင်းတိုရှင်းပဲ ပြောလိုပါတယ်။

ဒီနေရာမှာ ပြောလိုတာကတော့ အားလုံးတန်းတူရည်တူ အခြေခံအောက်မှာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ညှိနှိုင်းအဖြေရှာ ဆွေးနွေးကြဖို့နဲ့ ပြည်သူလူထု တရပ်လုံး အကျိုးစီးပွားကို ရှေ့တန်းတင် ပူးပေါင်းလုပ်ဆောင်ကြဖို့က ပိုအရေးကြီးပါတယ်။

ဒါကြောင့် နောက်ဆုံးအနေနဲ့ ပြောလိုတာကတော့ ဒီညီလာခံဟာ ဖွင့်ပွဲအခမ်းအနားသာသာ ဖြစ်တယ်ဆိုပေမယ့် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်အရေးကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာနိုင်ဖို့အတွက် ပထမခြေလှမ်းအစပျိုးမှုဖြစ်တာကြောင့် နောင်အဆက်ဆက် ပြုလုပ်ကျင်းပမဲ့ ညီလာခံတွေအတွက် သေချာစေ့စပ်စေဖို့ ခင်းကျင်းပေးတဲ့ လမ်းကြောင်းအစလည်း ဖြစ်ပါတယ်။ ဒီအစပျိုးမှုဟာလည်း ကောင်းမွန်တဲ့ အစပျိုးပြုမှုဖြစ်ပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဗိုလ်ချုပ်ကြီးအင်ဘန်လ

ဥက္ကဋ္ဌ (United Nationalities Federal Council-UNFC)

ဒုတိယဥက္ကဋ္ဌ (Kachin Independence Organization-KIO)
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

P.O. Box 5.
Chang Phauk, A. Mueang,
Chiang Mai, 50302
Thailand
Email: info@burmaenac.org
website: www.burmaenac.org